ဘင်္ဂကျေးရွာ

မော်နိုင်းကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘင်္ဂကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ဘင်္ဂ် ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
ဘင်္ဂ် ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၀
(ခ) သဘာဝအရင်းအမြစ်များ ၁၁
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၃
(င) ကျန်းမာရေးနှင့် အာဟာရ ၁၄
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၄
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၅
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၅
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၈
(ဃ) ရွှေပြောင်းလုပ်သားများ ၁၈
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၉
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၉
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၉
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၉
(ဈ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊

သတင်းနှင့် ဆက်သွယ်ရေး ၂၁
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၂၂
(ဋ္ဌ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၃
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၃
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၃
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၅
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၆
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၇
(ဂ) ဦးစားပေး စီမံချက်များ ၂၈
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၉
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၉
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၁
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၁
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၃၁
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၁
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၃၁
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၁
(က) ကြီးကြပ်စစ်ဆေးခြင်း ၃၂
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၃
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၄

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၅
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၄၈
ရည်ညွှန်းချက်များ ၃၉
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၃ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၈
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဘင်္ဂ ကျေးရွာ
မော်နိုင်းကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

ဘင်္ကေျးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း-ဘင်္ကေျးရွာအရင်းအမြစ်ပြမြေပုံ - ဘင်္ကေျးရွာ၊ မော်နိုင်းကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



ကျေးရွာ [illegible]

ရာသီခွင်ပြ ပြက္ခဒိန်

လ/ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန် ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင် ☺😐☹	☺☺☺	☺☺☺	😐😐😐	😐😐😐	☹☹☹	☹☹☹☹	☹☹☹☹	☺☺☺☺☺	☺☺☺☺☺	☺☺☺☺☺	☺☺☺☺	☺☺☺☺
	$ $ $	$ $ $	$ $	$ $	$	$	$	$ $ $ $ $	$ $ $ $ $	$ $ $ $ $	$ $ $ $	$ $ $ $
	☀	☀	☀	🌧	🌧	🌧	🌧	☀	☀	☀	☀	☀
	-	-	-	စပါး	စပါး	နှမ်း	-	-	မြေပဲ	ရွှေစပါး	-	-
	🪣🪣🪣🪣	🪣🪣🪣🪣	🪣🪣🪣	🪣🪣🪣	🪣🪣	🪣🪣	🪣	🪣	🪣🪣🪣🪣🪣	🪣🪣🪣🪣🪣🪣	🪣🪣🪣🪣🪣	🪣🪣🪣🪣
	လုံလောက်မှု သင့်	လုံလောက်မှု သင့်	လုံလောက်မှု ရှိ	လုံလောက်မှု ရှိ	လုံလောက်မှု ရှိ	လုံလောက်မှု ရှိ	လုံလောက်မှု ရှိ	လုံလောက်မှု ရှိ	လုံလောက်မှု ရှိ	လုံလောက်မှု ရှိ	လုံလောက်မှု ရှိ	လုံလောက်မှု သင့်
	-	[illegible]	[illegible]	[illegible]	-	-	-	-	-	-	-	-
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	-	-	-	[illegible]	[illegible]	[illegible]	[illegible]	-	-	-	-	-
	[illegible]			ဝါဆိုသင်္ကန်း ကပ်ပွဲ	-	[illegible]	မီးထွန်းပွဲ	ကထိန်ပွဲ	ကောက်သစ် စားပွဲ	-	-	ဘုရားပွဲ [illegible]
သဘာဝ ဘေးအန္တရာယ်	လေဘေး	လေဘေး	လေဘေး	ရေဘေး	ရေဘေး	ရေဘေး	ရေဘေး	-	-	-	-	-

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွှတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ဘင်္ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၏ အရှေ့မြောက်ဘက်တွင်တည်ရှိပြီး

မော်နိုင်းကျေးရွာအုပ်စုတွင်ပါဝင်သည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ မော်နိုင်းအုပ်စုနှင့် မန်ကျည်းပင်အုပ်စုသို့ ဆက်သွယ်ထားသော အဓိကလမ်းမကြီး၏ အနောက်ဘက်တစ်နေရာတွင်

တည်ရှိပါသည်။မော်နိုင်းကျေးရွာ၏ အနောက်ဘက် ၁ မိုင်ခန့်တွင် တည်ရှိပါသည်။ကျေးရွာကို အစိတ်အပိုင်းများအနေဖြင့် ၄ ရပ်ကွက်ခွဲခြားထားပါ သည်။ရပ်ကွက် ၃ ခု အလယ်ဗဟိုတွင် ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် ရပ်ကွက် ၄ ခုစလုံး၏ အလယ်ဗဟိုတွင် အခြေခံပညာမူလတန်းကျောင်းရှိပါသည်။အကျယ်အဝန်းအနေဖြင့် အရှေ့မှ အနောက် လမ်းသွယ် နှစ်ခုအပါအဝင် ပေ ၂၀၀၀ ကျော်နှင့် တောင် မြောက် ပေ ၃၀၀၀အကျယ်အဝန်းရှိနေပြီး ရပ်ကွက်ကြားတည်ရှိနေသော လယ်ကွင်းများအပါအဝင်ဖြစ်ပါသည်။ရွာပတ်ပတ်လည်တွင် လယ်ကွင်းများနှင့် တောင်တန်းတောင်ကုန်းများကို တွေ့မြင်နိုင်ပါသည်။ အနီးဆုံးကျေးရွာ ဆက်သွယ်မှုမှာ မော်နိုင်းကျေးရွာဖြစ်ပြီး ၄င်းသို့လမ်းနှစ်သွယ်ဖြင့် ဆက်သွယ်ထားပါသည်။ ရွာ၏ တောင်ဘက်တွင် မှန်ကန်ကျေးရွာ၊ အနောက်မြောက်ဘက်တွင် မော်ခါးကျေးရွာ နှင့် ရွာပတ်ပတ်လည်တွင် လယ်ကွင်းများရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ။ကျွန်တော်တို့ရွာတွင် အနောက်မြောက်မှ အရှေ့တောင်သို့ စီးဆင်းနေသော ချောင်းမကြီးတစ်ခုရှိပါသည်။ရွာ၏ အနောက်မြောက်ဘက်ဘဝိုင်ခန့်တွင် သဲ၊ ကျောက်များကို ရရှိနိုင်ပါသည်။၄င်းအပြင် ရွှေလည်းထွက်ရှိပါသည်။ ကျွန်တော်တို့ရွာအနီးတောတောင်များတွင် ဆေးဘက်ဝင်အပင်များ အမြောက်အများ ပေါက်ရောက်နေပါသည်။ ကျွဲ၊နွားတိရိစ္ဆာန် စားကျက်များလည်း အသင့်အတင့်ရှိပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြ ပါသည်။ အိမ်ထောင်စု(၉၄)စုရှိပြီး လူဦးရေ စုစုပေါင်း(၄၉၂)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅–၆)ဦးရှိပါသည်။ ကျွန်တော်တို့ မြို့ငယျာရွာ၏ လူဦးရေမှာ နို့စို့အရွယ်ကျား (၃) ဦး၊ မ(၆) ဦး။ ၅နှစ်အောက်ကလေးငယ်မှာ ကျား (၃၀)ဦး၊ မ(၂၆)ဦး၊ မူလတန်းကျောင်းသားအရွယ် ၁၀နှစ်အောက် ကျား (၁၇)ဦး၊ မ(၁၉) ဦး၊ ၁၅ နှစ်မှ ၆၅ နှစ် အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား (၁၃၀)ဦး၊ မ (၁၆၉)၊ ၆၅နှစ်နှင့်အထက် ကျား(၁၃)၊ မ (၂၁)ဦး ဖြစ်သည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ကျွန်တော်တို့ရွာ၏ အဓိက စီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ ကျွန်တော်တို့ရွာ၏ လယ်ယာစိုက်ပျိုးရေးသည် မိုးရွာမှုမိုးရေကို စိုက်ပျိုးရေအဖြစ် အသုံးပြုကြပြီး တစ်သီးစားလယ်ယာများဖြစ်ကြပါသည်။ မိုးရာသီမှလွဲ၍ နွေနှင့် ဆောင်းရာသီများ တွင်စိုက်ပျိုးရေမလုံလောက်သဖြင့် အခြားသီးနှံများ စိုက်ပျိုး၍ အဆင်မပြေပါ။ အိမ်ထောင်စု (၉၄)အိမ်မှာ (၆၂)အိမ်သည် ကိုယ်ပိုင်လယ်ယာ လုပ်ကိုင် သူများ ဖြစ်ကြပြီး (၃၂)အိမ်မှာ စာရင်းငှါးလုပ်ကိုင်ကြရပါသည်။ မွေးမြူရေး လုပ်ငန်းများ သည် တစ်နိုင်တစ်ပိုင်အဖြစ်မွေးလေ့ရှိပါသည်။ ဥပမာ-ကျွဲ၊နွား၊ ဝက်၊ ကြက်တို့ဖြစ်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင်လည်း ရွာအနီးချောင်းသို့မှစက်ဖြင့် လယ်မြေအနည်းငယ် စိုက်ပျိုးနိုင်ပါသည်။ သို့သော်လည်း ချောင်းရေမှာ စိုက်ပျိုးရန်မလုံလောက်ပါ။ ၄င်းချောင်းမှာလည်း မိုးရေခံချောင်းဖြစ်သောကြောင့် ဆောင်းရာသီမှစ၍ ရေများခမ်းခြောက်လာကာ မြေအစိုဓာတ် များလည်းနည်းလာပြီး နွေရာသီတွင် လုံးဝခမ်းခြောက်သွား၍ စိုက်ပျိုးရေမရှိသည့်အတွက် မိုးရာသီမှ လွဲ၍ ကျန်သည့်ရာသီများတွင် မည်သည့်သီးနှံကိုမှ စိုက်ပျိုး၍မရပါ။ ချောင်းများရှိသော်လည်း တောင်ကျချောင်းများဖြစ်သဖြင့် မိုးရာသီတွင် ရေကြီးသော်လည်း နွေနှင့်ဆောင်းရာသီများတွင် ရေရှိရုံမျှပင်ဖြစ်သည်။ ထို့ကြောင့် နွေ နှင့် ဆောင်းရာသီများတွင် မစိုက်ပျိုးနိုင်ပါ။

ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓန အဆင့် ခွဲခြားမှုနည်းလမ်းအရ အိမ်ထောင်စုပေါင်း(၉၄)စုရှိသည့်အနက် အဆင်ပြေသောအိမ်ထောင်စု (၈)စု၊ အလယ်အလတ်အဆင်ပြေသောအိမ်ထောင်စု(၂၆)စု၊ မပြေလည်သောအိမ်ထောင်စု(၃၂)စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စု (၂၈)စုရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု (၁၀)ဧက အထက်ရှိခြင်း၊ ငွေတိုးချေးစားခြင်း၊ အိမ်ကြီး အိမ်ကောင်းများနှင့် နေထိုင်ကြခြင်း၊ လယ်ယာသုံးကိရိယာများဖြစ်သည့် လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်မိသားစုများသည် မြေဧက (၅)ဧကမှ (၁၀)ဧကအထိ ပိုင်ဆိုင် ကြသည်။ အဆင်းရဲဆုံး မိသားစုများသည် မြေယာပိုင်ဆိုင်မှု မရှိခြင်း နှင့် ကျပန်းလုပ်ငန်းများကို လုပ်ကိုင် ကြရပါသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။ ကျေးရွာ၏ (၃၂)အိမ်ထောင်စုသည် မြေယာမဲ့များဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။ မြေပိုင်ဆိုင်သူများ၏(၂၅)အိမ်သည် ၅ဧကအောက် နှင့် (၂၆)အိမ်သည် ၅ဧကအထက်ပိုင်ဆိုင်ကြပြီး အလယ်အလတ်စားတောင်သူများဖြစ်ပါသည်။ (၁၂.၅)ဧကအထက် ပိုင်ဆိုင်သူ (၁၁)အိမ်သာရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၂၈)ရှိသည့်အနက် (၁၉) အိမ်ထောင်စုမှာ ၃လအောက် နှင့် (၉) အိမ်ထောင်စုသည် ၃လ မှ ၆လအထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။ အိမ်ထောင်စုများသည် ချေးငှား၍ဝမ်းစာဖြည့်တင်းကြရပါသည်။ ငွေချေးယူရာတွင် ငွေတိုးချေးစားသူများထံမှ ချေးငွေကိုရယူကြပြီး စားသုံးရန်နှင့် ကျန်းမာရေး၊ ပညာရေးများအတွက် အသုံးပြုကြပါသည်။

ကျွန်တော်တို့ရွာတွင် လယ်ဧက(၃၇၀.၇၃)ဧက ရှိပါသည်။ တစ်နှစ်တွင် စပါးနှင့် နှမ်းတစ်ရာသီဘဲ စိုက်ပျိုး၍ ရပါသည်။ သို့သော်လည်း နှမ်းစိုက်ပျိုးသည့်အိမ်ထောင်စုမှာ အနည်းငယ်သာရှိပါသည်။ စပါးကို ၁ဧကတွင် အနည်းဆုံး ၂၀ တင်းမှ အများဆုံး ၇၀တင်းထွက်ရှိပြီး ပျမ်းမျှအားဖြင့် ၃၀ တင်း ထွက်ရှိပါသည်။တင်း ၇၀ ထွက်ရှိသောသူမှာ စပါးအထွက် အကောင်းဆုံးသူဖြစ်ပြီး ထွက်ရှိသူ အလွန်ပင်နည်းပါးသည်။ နှမ်း ၁ဧက ၅တင်းမှ ၁၀တင်းသာထွက်ရှိပြီး မိုးများသော နှစ်များတွင်

၁၈က ၃ တင်း လောက်သာ ရရှိပြီး ဝမ်းစာ ဖူလုံမှုမရှိပါ။ စပါးကုန်သွားလျှင် စပါးကြိုပေးကို ငွေရှိသော သူများထံထားကြရပြီး ဝမ်းရေးကို လှည့်ပတ်ချေးငှားနေကြရသည်။

ကျွန်တော်တို့ရွာတွင် အဖိုးတန်သစ်တောများ ပြုန်းတီးလာခြင်းကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ဆီးခြင်းနှင့် မုန်တိုင်းဒဏ်များ အနည်းငယ်ခံစားရပါသည်။ သစ်တောပေါများ၍ လမ်းပန်းဆက်သွယ်ရေး ဝေးလံခေါင်သီသော ဒေသဖြစ်ပြီး ငှက်ဖျားရောဂါကို အတော်အတင့် ခံစားရပါသည်။

ကျွန်တော်တို့ရွာတွင်လ လူငယ်/ရွယ်များ မူးယစ်ဆေးဝါးသုံးစွဲသူများရှိလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ ရာသီအလိုက် လက်လုပ်လက်စား ကျပန်းများနှင့် ရွှေတွေ့ရှိသောဒေသနှင့်အညီ ရွှေတူးဖော်ရာတွင် မတော်တဆ ကမ်းပါးပြိုခြင်းတို့ကြောင့် ရွှေတွင်းလုပ်သားများ ထိခိုက်ဒဏ်ရာရရှိသူများ အနည်းငယ်ရှိပါသည်။

ကျွန်တောတို့ရွာတွင် မိသားစုရှိသော်လည်း မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၆၄)နှစ်နှင့် အထက်မှာ မ တစ်ယောက်သာရှိပြီး ငွေကြေးအခက်အခဲကြောင့် ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေပါသည်။ အမျိုးသမီးဦးဆောင်၍ ဆင်းရဲသောမိသားစုဦးရေမှာ (၈)ယောက်မျှသာ ရှိနေပါသည်။ ၄င်းအချက်ကို ထောက်ရှုပါက ကျွန်တော်တို့ကျေးရွာသည် မိသားစုအလိုက် ချစ်ခင်စည်းလုံးစွာ နေထိုင်ကြသည်ကို ပြသနေပါသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်တော်တို့ရွာ၏ပညာရေးမှာ ကိုယ်ထူကိုယ်ထဆောင်လုပ်ထားသော အခြေခံပညာ မူလတန်းကျောင်းရှိသော်လည်း ၄င်းကျောင်းမှာ လွန်ခဲ့သောနှစ် (၂၀) ကျော်က တည်းက ဆောက်လုပ်ခဲ့သဖြင့် အမိုးအကာများ အခင်းများမှာ ဆွေးမြေ့ပျက်စီးနေသဖြင့် ဆရာ/ဆရာမများ၊ ကလေးများ မိုးလုံလေလုံ သင်ကြား/သင်ယူနိုင်ရန် အခက်အခဲဖြစ်နေပါသည်။ ထို့ပြင် ယခုကျောင်းဆောင်မှာ လက်ရှိကျောင်းသားဦးရေနှင့်မလုံလောက်သဖြင့် ကျောင်းပြင်ပနေရာများတွင် သင်ယူနေရသည်များလည်းရှိပါသည်။မူလတန်းပညာပြီးဆုံးပါ က အလယ်တန်းနှင့် အထက်တန်း ပညာရေးကို ၃ မိုင်ခန့်ဝေးသော ဂျိုးတောင်စံပြကျေးရွာရှိ အထက်တန်းကျောင်းသို့ ခြေလျှင်သော်လည်းကောင်း ၊စက်ဘီးဖြင့်သော်လည်းကောင်း သွားရောက်၍ ဆက်လက်ပညာသင်ယူ ကြရပါသည်။ ရွာချင်းဆက်လမ်းများ ညံ့သောကြောင့်မိုးရာသီတွင် ကလေးများ အခက်အခဲများစွာ ကြုံတွေ့ ကြရပါသည်။ အများစုကလေးများမှာ မိဘများငွေကြေးမတတ်နိုင်သော်ကြောင့်သော်လည်းကောင်း ၊တစ်ချို့သော ကလေးများမှာလည်း ကိုယ်တိုင်ပညာသင်ယူလိုစိတ် မရှိ၍သော်လည်းကောင်း အလယ်တန်းသို့ ဆက်လက်သင် ယူမှုမရှိသည်ကို တွေ့ရပါသည်။ထို့ကြောင့် မူလတန်းကျောင်းထွက် ဦးရေ အလယ်အလတ်ရှိပါသည်။ စာမတတ်သူဦးရေများလည်း အနည်းငယ်ရှိပါသည်။ မိဘများ ကျောင်းစရိတ်မတတ်နိုင်သဖြင့် အထက်တန်းသို့တက်ရောက်သော ကျောင်းသူ/သားဦးရေမှာ လွန်စွာမှ

နည်းလွန်းလှပါသဖြင့် ဘွဲ့ရပညာတတ်ဦးရေမှာ တစ်ရွာလုံးပေါင်းမှ ၁၁ဦးသာရှိပါသည်။ ယခုလက်ရှိကျွန်တော်တို့ကျောင်းတွင် (၄)တန်းထိ ထာရှိပါသည်။ ကျွန်တော်တို့ရွာတွင်ရှိသည့် အတန်းထိသာ ပညာသင်ယူနိုင်သည်များပါသည်။။

ကျောင်းသားမိဘများမှာ အလုပ်အကိုင်အခွင့်အလမ်းမရှိသဖြင့် စားဝတ်နေရေးကိုသာ အားစိုက်နေရခြင်း၊ အများစုမှာ အသိအမြင်နည်း ပါးသည့်အလျောက် မပြည့်စုံခြင်းနှင့်အတူ သားသမီး၏ပညာရေးကို လှည့်မကြည့်နိုင်သောကြောင့် ကျောင်းသား/သူများမှာ ရွာကျောင်းအတန်းပြီးလျှင် ကျောင်းထွက်ကြရပြီး မိဘများ၏အလုပ်ကို ဝိုင်းဝန်းလုပ်ကိုင်ပြီး အသက်မွေး ဝမ်းကျောင်းပြုရပါသည်။တစ်ချို့သော ကျောင်းသားကျောင်းသူများမှာ ကျောင်းဆက်နေ ချင်သော်လည်း အဆင်မပြေသည့် မိဘများကို ငဲ့ညာပြီး အထက်တန်းကျောင်း ပညာများကို ဆက်မတက်နိုင်တော့ပါ။ အထက်တန်း၊ အလယ်တန်း ကျောင်းနေသူ အလွန်နည်းပါး လှပါသည်။ ငွေကြေးတတ်နိုင် သည့်မိဘများသာ သူတို့၏သားသမီးများကို ကျောင်းထားနိုင် ကြသောကြောင့် ငွေကြေးကုန်ကျများ သော ပညာရေးဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်တော်တို့ရွာတွင် ဘွဲ့ရပညာတတ်အလွန် နည်းပါးပါသည်။၄င်း၏အကျိုးဆက်အနေဖြင့် ကျေးရွာလူထုအများစုမှာ မပြည့်စုံခြင်း အသိအမြင်နည်းပါးခြင်း နှင့်အတူ အခြားကျေးရွာဒေသများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျသည့် အဆင့်ရှိလှပါသည်။

ကျွန်တော်တို့ မူလတန်းကျောင်းတွင် ကျား(၂၃)ဦး၊ မ(၂၈)ဦး အလယ်တန်း ကျား(၂၁)ဦး၊ မ(၁၅)ဦး၊ အထက်တန်းတွင် ကျား(၃)ဦး၊ မ(၇)ဦးနှင့် တက္ကသိုလ်ကောလိပ် တက်ရောက်သူကျား(၁)၊ မ(၂)ဦးသာ ရှိပါသည်။ ကျောင်းများတွင် ပညာသင်ကြားနေသော အချိုးနှုန်းမှာ အလွန်နည်းပါးပါသည်။အချို့သော ကလေးများ၏ပညာရေးသည် ကျောင်းဆက်တက်ချင် သော်လည်း မိဘများ၏ဥစ္စာဓနမပြည့်စုံမှု၊ အသိအမြင်နည်းပါးမှု ပညာရေးတွင် အားမပေးသည့်အတွက် ဆက်လက်မသင်ယူနိုင်ခြင်းများရှိသကဲ့သို့ အချို့သော ကလေးများ ကိုယ်တိုင်လည်း ငယ်စဉ်ကတည်းက ပညာသင်ယူလိုစိတ် နည်းပါးမှုနှင့် ကျောင်းနေ မပျော်ခြင်းတို့ကြောင့် ဖြစ်သည်။

ကျေးရွာတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူ(၁)ဦးနှင့် အငှါးဆရာမလုပ်ကိုင်သူ (၁)ဦး စုစုပေါင်း(၂)ဦးတည်းသာ ရှိပါသည်။

(ဂ) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်ရွာတွင် မိုးဦးရာသီအစဉ် ဝမ်းလျှော ရောဂါနှင့် ငှက်ဖျားရောဂါအနည်းငယ် ခံစားရသည်။ ဧပြီလနှင့် မေလများတွင် သွေးလွန်တုတ်ကွေး ရောဂါကို အနည်းငယ်ခံစားရပါသည်။ ဥတုကူးပြောင်းချိန်တွင် အသက်ရှူ လမ်းကြောင်းရောဂါများလည်းဖြစ်ကြပါသည်။ ဥပမာ။ ဓါတ်မတည့်၊ ချောင်းဆိုး၊ နှာစေးနှင့် အခြားရောဂါများဖြစ်ပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ။ ကျွန်တော်တို့ရွာတွင် အမျိုးသမီးအခွင့်အရေးနည်းပါးပါသည်။ ရွာမှအမျိုးသမီးများသည် ပြင်ပအတွေ့ကြုံနည်းပါးပါသည်။ နေ့စဉ်အိမ်အလုပ်တွင်သာ အချိန်ကုန်ကြပြီး အမြင်မရှိခြင်း၊ မြို့ရွာများ တနေရာနှင့် တနေရာ ဝေးကွာပြီး လမ်းသွားလမ်းလာစိတ်မချရမှုတို့ကြောင့် ဖြစ်ပါသည်။ အမျိုးသမီးများသည် မိမိတို့စားဝတ်နေရေးကိုသာ အားစိုက်နေရသဖြင့် လူမှုအဖွဲ့စည်းနှင့် ကျေးရွာ၏ စီမံအုပ်ချုပ်မှုများတွင်

ပါ ဂင်ဦးဆောင်နိုင်မှုမရှိပါ။ ကျွန်တော်တို့ရွာတွင် ပြင်ပ အဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှုနှင့် အသိပညာပေးမှုများမရှိပါ။ ကျေးရွာ၏ သာရေးနာရေးများ တွင် အမျိုးသမီးများက ချက်ပြုတ်တာဂန်ယူပြီး အမျိုးသမီးငယ်များက ကျွေးမွေးမှုတာဂန်ကို လုပ်ကိုင်ကြရပါသည်။ အခြားအဖွဲ့အစည်းများကိုတာဂန်ယူလုပ်ကိုင်ချင်သော်လည်းစားဂတ်နေရေး မပြေလည်မှု နှင့် အိမ်မှုကိစ္စများသည် အမျိုးသမီးများတာဂန်ဖြစ်သဖြင့် တက်ကြွစွာပါဂင်နိုင်မှု၊ ဆွေးနွေးဦးဆောင် နိုင်မှု အခွင့်အရေးများဆုံးရှုံးနေရပါသည်။ ကျွန်တော်တို့ရွာတွင်အကြမ်းဖက်မှုများ မရှိပါ။ လူငယ်သဘာဂ ချစ်ကြိုက်မှုကြောင့် ဖြစ်တတ်သည့် ပြဿနာ အနည်းငယ် ရှိပါသည်။ ကျွန်တော်တို့ရွာသည် ဆိုလာမီးစနစ်ဖြစ်သဖြင့် အိမ်တိုင်းနီးပါးမီးလင်းနိုင်သော်လည်း တီဗွီ ကြည့်ရာ တွင် အခက်အခဲများစွာရှိပါသည်။ တီဗွီကို ပိအက်စ်အိုင်လေးများကို ဝယ်ယူကာ မြန်မာနိုင်ငံမှ လွှင့်သော ရုပ်သံလိုင်းများကို ကြည့်ရသည်။ မြို့နှင့်ဝေးကွာလှသဖြင့် အလွယ်တကူ သက်တမ်း မတိုးနိုင်မှုနှင့် ပစ္စည်းပျက်လျှင် ဝန်ဆောင်မှု မရှိခြင်းတို့ကြောင့် အသိပညာ ရှာဖွေနိုင်မှုနှင့် မြန်မာနှင့်ကမ္ဘာဖြစ်ပျက်နေမှုများကို မသိရှိဘဲ မျက်စိမှိတ်၊ နားပိတ်ဖြစ်နေပါသည်။ ကိုရီးယား ဇာတ်လမ်းတွဲများနှင့် မြန်မာဇာတ်ကား ဇာတ်လမ်းတွဲများကိုသာ ကြည့်ရှုရမှုကြောင့် အသိပညာ တိုးပွားမှုများ လျော့နည်းနေရပါသည်။ လက်မှုအတတ်ပညာတတ်မြောက်သူနှင့် သင်နေသူများ အလွန်ပင်နည်းလှပြီး သူတို့၏ ဘဝကိုကျပန်းလုပ်ကိုင်စားသောက်မှု ၊အိမ်မှုကိစ္စ၊သား/သမီးများ၏ ကိစ္စအဝဝကိုသာ အာရုံစိုက်နေရပါသည်။ လူလွတ်အမျိုးသမီးများမှာလည်း စားဝတ်နေရေးနှင့် မိသားစုတာဝန်များကို ထမ်းဆောင်ရင်း အချိန်တန်လျှင် သူတို့၏ဘဝကို ကျပန်းလုပ်ကိုင် စားသောက်မှု၊ အိမ်မှုကိစ္စအဝဝကိုသာ အာရုံစိုက်နေရပါသည်။ အချိန်တန်လျှင် မိသားစု အိမ်ထောင်သစ်ကို ထူထောင်ပြီး သားရေး၊သမီးရေး၊ စီးပွားရေးနှင့် အချိန်ကုန်သွားကြပါ သည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ကျွန်တော်တို့ရွာ၌ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီး လင်းရေး အဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ရွာလုံခြုံရေးအတွက် မီးသတ်တပ်ဖွဲ့၊ သာရေး၊ နာရေး၊ လူမှုရေးကိစ္စအဝဝများတွင် လူငယ်အမျိုးသား၊ အမျိုးသမီးက ဦးဆောင်၍ တာဝန် ထမ်းဆောင်ပေးကြသည်။ ဘာသာရေးကိစ္စများတွင် ဂေါပက(၁၀)ဦးက ဦးဆောင်၍ တက်ညီ လက်ညီနှင့် တစ်ရွာလုံး ဆောင်ရွက်ကြသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျွန်တော်တို့ရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု မှာ အသင့်အတင့်ပိုင်ဆိုင်သောရွာဖြစ်ပါသည်။ တောင်သူတစ်ဦးလျှင် (၁၂)ဧက ပိုင်ဆိုင်သူသည် လယ်ယာမြေ အများဆုံးပိုင်ဆိုင်သူဖြစ်ပြီး ကျွန်တော်တို့ရွာတွင် (၁၂) ဧက ပိုင်ဆိုင်သူ (၁၁)ဦးနှင့် ၅ဧကမှ ၁၂.၅ဧက ကြားပိုင်ဆိုင်သူ (၂၆)ဦးရှိပြီး (၁)ဧက၊(၂)ဧက၊(၃)ဧက ပိုင်ဆိုင်သူဦး

ရေမှာ ပို၍များပါ သည်။ လယ်မြေ အားလုံးသည် မိုးကိုမျှော်၍ စိုက်ပျိုးကြရသည်။ မြေယာမဲ့များသည် စာရင်းအင်း လုပ်ကိုင်၍သော်လည်းကောင်း၊ ရာသီအလိုက်ကျပန်းလုပ်ကိုင်၍ သော်လည်းကောင်း အသက်မွေး ကြသည်။

ကျွန်တော်တို့ရွာ၏ ရေအရင်းမြစ်မှာ မိုးရွာမှ စိုက်ရေ၊ ချောင်းရေရရှိပါသည်။ သောက်ရေ အဖြစ် အများပိုင်ရေတွင်း (၂) တွင်း ကိုသာ အဓိကထားရပါသည်။ တွင်းရေများသည် ဆယ့်နှစ်လရာသီ သုံးစွဲ၍ မရပါ ။ မိုးနှင့်ဆောင်းသာ ရေပေါပေါသုံးရပြီး နွေရာသီတွင် ချွေတာသုံး ရပါသည်။ ကျွန်တော် တို့ရွာကလေးသည် မိုးရွာမှမိုးရေကိုသာ စိုက်ပျိုးရေအဖြစ်သုံးလေ့ရှိပါသည်။ ကြီးမားသည့် မိုးလေ့ာင် ရေကန်များလည်းမရှိသည့် အတွက် စိုက်ပျိုးတောင်သူများ စိုက်ပျိုးရေ အခက် အခဲကြုံတွေ့ရပါ သည်။ ချောင်း၊ မြောင်းများနီးသည့် တောင်သူများသည် ရေစုပ်စက်နှင့် အနည်းငယ် အသုံးပြုကြ သည်။ ကြီးမားသောချောင်း၊ မြောင်းကြီးများမရှိပါ။ မိုးရွာလျှင် ချောင်းရေ၊ မြောင်းရေများ ရေအလွန်လျှံပယ် တောင်ကျချောင်းများဖြစ်သည့်အတွက် ကြာရှည်စွာ ရေကြီးခြင်းမရှိပါ။ ကျွန်တော် တို့ရွာ၏ ချောင်းများ၊ မြောင်းတွင်းရှိရေများကို မိုးနှင့်ဆောင်းဝင်စ ရာသီအထိ အသုံးပြု၍ ရပါသည်။ ရာသီအလိုက်ရွာသော မိုးရေ တောင်ကျရေများကို တစ်ပိုင်တစ်နိုင်ဆည်မြောင်းအဖြစ်ခံယူ၍ (၅၁)ဧကခန့် နှင့် ချောင်းရေကို စက်ဖြင့်တင်၍ (၂၀)ဧကခန့်စိုက်ပျိုးနေသော်လည်း ၄င်းစိုက်ပျိုးရေသုံးစွဲမှုမှာ ရာသီအလိုက်ရွာသွန်းသော မိုးရေ ဖြစ်သည့်အလျောက် စိုက်ပျိုးရေမှာ လုံးဝ လုံလောက်မှုမရှိပါ။

ကျွန်တော်တို့ရွာ၏ အဓိကစိုက်ပျိုးသောသီးနှံမှာ စပါးဖြစ်ပြီး ကောက်ပင်စိုက်ပျိုးပြီးသည်နှင့် နှမ်းသီးနှံကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြသည်။ ကျွန်တော်တို့ရွာသည် စပါးစိုက်ပျိုးရာတွင် ရာသီဥတု ဖောက်ပြန်မှုကြောင့် စပါး၊ နှမ်း အထွက်နှုန်းများ လျော့ကျခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရေး နည်းပညာ မရှိသောကြောင့် နှင့် သီးနှံထွက်ချိန်တွင် လယ်ယာမြေ အတွင်း ရေမရှိသောကြောင့်တို့ဖြစ်ပါသည်။

ကျွန်တော်တို့ရွာသည် လယ်ယာလုပ်ကိုင်ရာတွင် ကိုယ်ပိုင် ကျွဲ၊ နွားများကိုသာ အသုံးပြုကြသည်။ လက်တွန်းထွန်စက်များနှင့် စပါးခွဲလှေ့စက်များကို ရွာထဲတွင် စက်ရှိသူများထံမှ အခကြေးငွေနှင့် ငှားရမ်းကြရပါသည်။ နှမ်းစိုက်ရာတွင် တစ်ချို့ ကိုယ်ပိုင်နွားများနှင့် ထွန်သော်လည်း တစ်ချို့တွင် ထွန်၊ထယ် စက်ကြီးများကို အချိန်ပိုင်းနှင့် ငှားရမ်းကြ သည်။ ကျွန်တော်တို့ရွာတွင် လက်တွန်းထွန်စက်ပိုင်ဆိုင်သူ(၁၇)ဦး၊ခွဲလှေ့စက်ပိုင်ဆိုင်သူ(၂)ဦး၊ ရေစုပ်စက်ပိုင်ဆိုင်သူ(၃၄)ဦးနှင့် မြက်ရိတ်စက်ပိုင်ဆိုင်သူ(၂၇)ဦးသာ ရှိပါသည်။အများစုမှာ ငွေကြေးအင်အား မတတ်နိုင်သဖြင့် အရစ်ကျစနစ်ရှိသော်လည်း လူနည်းစုသာ ဝယ်နိုင်ကြ ပါသည်။

ကျွန်တော်တို့ရွာ၏ ရေ၊မြေရာသီဥတုသည် အပူအနည်းငယ်များသော ရာသီဥတုဖြစ်သည်။ လယ်ယာမြေ အသုံးချနိုင်မှုနှင့် စိုက်ပျိုးရေးအရင်းအမြစ်မှာ အသင့်အတင့်သာရှိသည်။ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုလည်း အစိုးရမှထုတ်ပေးသော မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်/မြန်မာ့စီး ပွားရေးဘဏ် သာရှိပါသည်။ သဘာဝ မြေဆွေးနှင့် အော်ဂဲနစ် မြေဩဇာများလည်း ရှိပါသည်။

ပိုးသတ်ဆေးများလည်း ဝယ်ယူနိုင်ပါသည်။ ကျွန်တော်တို့ရွာသည် လမ်းပန်း ဆက်သွယ်ရေးမှာ ကိုယ်ထူကိုယ်ထဖောက်လုပ်ထားသောမြေသားလမ်းများဖြစ်ပါသည်။ ၄င်းလမ်းများအားဖောက်လုပ်သည့်ကာလမှာ ကြာမြင့်နေပြီဖြစ်သဖြင့် သဘာဝမိုးရေဒဏ်များကြောင့် လမ်းပိုင်းအများစုမှာ နှံများချိုင့်ခွက်များရှိနေသည့်အပြင် တံတားများမှာလည်း ကျိုးပျက်စီးနေပါသည်။ လမ်းတံတားပျက်စီးမှုများကြောင့် အချိန်မရွေး လွယ်ကူလျင်မြန်စွာ သွားလာရန်ခက်ခဲပြီး ပွင်းလင်းရာသီကိုမှသာ သွားလာရလွယ်ကူပါသည်။

ကျွန်တော်တို့ရွာတွင် နှစ်စဉ် နှစ်တိုင်း မိုးဦးနောက်ကျခြင်း၊ မိုးလယ်ခေါင်ခြင်း၊ မိုးနှောင်းတွင်စပါးရိတ်သိမ်းချိန် မိုးများခြင်းတို့ ခံစားရပါသည်။ မိုးရာသီတွင် တောင်ကျချောင်းရေများကိုသိုလှောင်နိုင်သော မြေနေရာများ ရှိသော်လည်း ငွေအင်အားအခက်အခဲကြောင့် မဆောက်လုပ်နိုင်ပါ။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်စားသောက်နေသောရွာဖြစ်သော်လည်း ရာသီဥတုမမှန်ခြင်း၊ဆည်မြောင်းတာတံမံများနှင့် ရေစုကန်များ မရှိခြင်းတို့ကြောင့် စိုက်ပျိုးရေမလုံလောက်သည့် ပြဿနာကို ရင်ဆိုင်နေကြရပါသည်။ စိုက်ပျိုးထုတ်လုပ်မှုပိုင်းတွင် လည်းနည်းပညာလက်လှမ်းမမီခြင်း၊ အချိန်မီမလုပ်ကိုင်နိုင်ခြင်း၊ ငွေကြေးမတတ်နိုင်ခြင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုမရှိသည့်အပြင် နည်းပညာလက်လှမ်းမမီခြင်း၊ အချိန်မီမလုပ်ကိုင်နိုင်ခြင်း၊ ငွေကြေးမတတ်နိုင်ခြင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုမရှိသည့်အပြင် စီးပွားရေးမှာလည်းညံ့ပါသည်။ ရွာသည့်အချိန်ကို အပြေးအလွှားသွား၍ ထွန်ယက်ရပါသည်။ အစိုးရ စိုက်ပျိုးရေးဘဏ်များမှ ချေးငွေများရနိုင်သော်လည်း တောင်သူများလိုအပ်သည့်စိုက်ချိန်တွင် အချိန်မှီချေးငွေမရပါ။ သီးနှံမျိုးစေ့များ ရနိုင်သော်လည်း လမ်းပမ်းဆက်သွယ်ရေးဝေးကွာခြင်း၊ လိုအပ်သည့်အချိန်များတွင် အချိန်မှီမရနိုင်ခြင်း၊ ငွေအရင်းအနှီးမရှိခြင်းတို့ကြောင့် အခက်အခဲများကြုံနေရပါသည်။ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒနှင့် စိုက်ပျိုးရေးနည်းပညာများကို ကျွန်တော်တို့ရွာမှ တောင်သူများအရမ်းကို လိုအပ်နေပါသည်။ စပါးများ၊ နှမ်းများ အထွက်နှုန်း အလွန်နည်းပါးသည်။ တောင်သူများမှာ လက်ရှိအချိန်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံအထွက်တိုးဖို့အခက်အခဲများ ရင်ဆိုင်နေရခြင်း၊ ဓါတ်မြေဩဇာနှင့် ဓါတုပိုးသတ် ဆေးများသုံးရန် နည်းလမ်းမရှိခြင်း၊ တောင်သူများမှ ရမ်းကုပမာအသုံးပြု လုပ်ကိုင်နေရပါသည်။ ဖျက်ပိုးများကြောင့် အထွက်နှုန်းလျော့ကျခြင်းများ ရင်ဆိုင်နေရပါသည်။ သီးနှံထွက်ကုန်များ ရောင်းချရာတွင်လည်းလမ်းပန်း ဆက်သွယ်ရေး မကောင်းခြင်း၊ ဝေးခြင်းကြောင့် ဈေးမှန်မှန်ကန်ကန်မရရှိပါ။ ထို့ကြောင့်တောင်သူများ လယ်ယာချေးငွေများကို တစ်ခြားဝင်ငွေရအလုပ်များလုပ်ကိုင်ပြီး ရရှိသောငွေများကို စိုက်ပျိုးရေးဘဏ်သို့ ဆပ်ကြရသောကြောင့် မိသားစုများမှာ မလည်ပတ်မိပဲ စီးပွားရေးကြပ်တည်းကြရပါသည်။

မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေမှာ စားကျက်မြေအသင့်အတင့်ရှိပါသည်။ ငွေကြေးမတတ်နိုင်သဖြင့် မွေးမြူရေးနည်းပညာများလက်လှမ်းမမီခြင်းတို့ကြောင့် နွား၊ ကျွဲ၊ ဝက်၊ ကြက်စသည့် မွေးမြူရေးလုပ်ငန်းအနည်းငယ်သာရှိပါသည်။၄င်းမွေးမြူရေးလုပ်ငန်းတိုးတက်ရန်မှာ

ငွေကြေး အရင်းအနှီး လွယ်ကူစွာလိုအပ်သမျှထုတ်ချေးပေးခြင်း၊ မွေးမြူ ရေးနည်း ပညာများ သင်ကြား ပို့ချပေးခြင်း၊ တစ်နှစ်ပတ်လုံးဈေးနှုန်းမှန်ကန်စွာ အလွယ်တကူ ရောင်းချနိုင်ရန် ဈေးကွက် ဖော်ဆောင်ရွက်ပေးခြင်းတို့ဖြင့် တိရစ္ဆာန်မွေးမြူရေး တိုးတက်အောင်ဆောင်ရွက် နိုင်ပါသည်။

(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ကျွန်တော်တို့ ရွာတွင် စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အခွင့်အလမ်းများမှာ လုပ်သားအင်အားရရှိနိုင်ခြင်း၊ လယ်ယာသားငါး မဟုတ်သောဒေသထွက် ကုန်များကို ရောင်းချရန်ဈေးကွက်ရှိခြင်း၊ အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာ အသေးစား အလတ်စားတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုရှိခြင်း၊ ကုန်ကြမ်းရရှိနုင်ခြင်း၊လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်၍ ရာသီမရွေးဈေးကွက်မှန်ကန်စွာ ရောင်းချနိုင်မှုနှင့်အလုပ်အကိုင်များ ဖန်တီး ပေးခြင်း တို့ဖြင့်အခွင့်အလမ်းများကိုတိုးတက်စေပါသည်။

စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ပြဿနာ အခက်အခဲများမှာ လယ်ယာသားငါးမဟုတ်သော ဒေသထွက်ကုန်များ ရောင်းချရန်ဈေးကွက်မရှိခြင်း၊ အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာအသေးစားအလတ်စား
စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုမရှိခြင်း၊ ကုန်ကြမ်းရရှိနိုင်မှုနည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် ရာသီမရွေးဈေးနှုန်းမှန်ကန်စွာရောင်းချနိုင်မှုမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုမရှိခြင်းတို့မှာ အဓိကပြဿနာအခက်အခဲများ ဖြစ်နေပါသည်။

(ဃ) ရွှေပြောင်းလုပ်သားများ။ ။ကျွန်တော်တို့ရွာတွင် ရွှေပြောင်းသွာလားမှုဖြစ်ပေါ်လာပုံ ပုံစံနှင့် အချိန်ကာလကို လေ့လာတွေ့ရှိချက်မှာ အချိန်ကာလအတော်ကြာသွားလာမှု အလွန်နည်းပါးသည်။သို့သော် ရက်တိုအချိန်ပိုင်းလုပ်သားများ များနေပါသဖြင့် ကျေးရွာဖွံ့ဖြိုး တိုးတက်မှုမှာ အဟန့်အတားဖြစ်နေပါသည်။ ၄င်းပုဂ္ဂိုလ်များသည် ရွှေပြောင်း သွားလာ၍ အလုပ်ကြမ်းများတွင် အဓိကထားလုပ်ကိုင်နေကြသဖြင့် အန္တရာယ်အမျိုးမျိုးကို လက်တွေ့ရင်ဆိုင် နေကြရပါသည်။ မိုးတွင်းကောက်စိုက်ချိန်နှင့် စပါးရိတ်ချိန်များတွင် အလုပ်အကိုင်ရှိပြီး ဆောင်းတွင်းမှစ၍ နွေရာသီအထိ အလုပ်အကိုင်မှာ ရွှေတွင်းအလုပ်မှလွဲ၍ လုပ်စရာအလုပ်မရှိပါ။ ထို့ကြောင့်ရရှိထားသော စပါးနှမ်းများကို ငွေလိုလျှင် ရောင်းချ၍ သုံးစွဲရသောကြောင့် အိမ်ထောင်စုများသည် နောက်ပိုင်းတွင်ဝမ်းစာမရှိဘဲ စပါးတိုး၊ ငွေတိုးများကို အတိုးနှုန်းမြင့်စွာဖြင့် ငွေချေးသုံးရပါသည်။ လူငယ်၊လူရွယ်များ သည်ရွာအနီးတွင် အလုပ် အလွန်ရှားပါးလှသဖြင့် ရပ်ဝေးသို့(ဖားကန့်၊ တနိုင်း ၊ရွှေသော်၊ ...)စသည့် ဒေသများသို့ သွားရောက်အလုပ်လုပ်ရပါသည်။ စပါးတိုး၊ငွေတိုးများက အတိုးနှုန်းမြင့်၍ ပြန်ဆပ်ချိန်စပါးထွက်မကောင်းလျှင် ဝမ်းစာမကျန် သူများလည်းရှိပါသည်။

ကျွန်တော်တို့ရွာ၏ မိသားစုများသည် အလုပ်လုပ်ကိုင်သူမှာ အလွန်နည်း၍ ထိုင်စားသူများမှာ အလွန်ပင်များပါသည်။ ရာသီချိန် (၄)လလောက်သာ အလုပ်ရှိ၍ ကျန်လများမှာ ရရစားစားဖြင့်

နေထိုင်ကြပြီး လူမှုရေး၊ကျန်းမာရေး၊ သာရေး၊နာရေးများကို စပါးရိုသူများကစပါး၊ ဘာမှမရိုသူများက ငွေတိုးယူကြရသည်။ အကြွေးမြီများနှင့် မိသားစုစားဝတ်နေရေးကိုဖြေရှင်းရန် အလုပ်ရှိသည့် နေရာများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြရသည်။ လုပ်ကိုင်နေသူများမှာလည်း ခရီးအကွာအဝေးနှင့် စားစရိတ်ကြောင့် ပိုလျှံမှုမရှိဘဲ တစ်ချို့သူများတွင် အကြွေးမြီဖြင့်သာ ရှာသောပိုက်ဆံများကုန်ကြရသည်။

(c) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။ ။ကုန်စည်နှင့်ဈေးကွက်လက်လှမ်းမီမှု အခြေအနေမှာ အနီးဆုံးဂျိုးတောင်ဘူတာဈေး(၁)မိုင် မှ (၅)မိုင်ကို အဓိကအားထားနေရပြီး ထိုဈေးတွင်လည်း ကုန်များကိုဝယ်ယူရောင်းချနိုင်မှုအခြေအနေမှာအလွန်နည်းနေပါသည်။အခြားပို၍ ဈေးကွက်ကောင်းဈေးမှာ ကောလင်းမြို့မဈေးသို့ ကား ရထားများဖြင့်သွားရောက်၍ ရောင်းချခြင်းဖြင့် ဈေးကောင်းပို၍ ရနိုင်ပါသည်။ သို့သော်လည်း ၄င်းဈေးမှာ (၃၀)မိုင် မှ (၅၀)မိုင်အတွင်း အကွာအဝေးတွင် ရှိနေခြင်းကြောင့် ရာသီမရွေး သွားရောက်ရန်လက်လှမ်းမမီသည့် အခြေအနေတွင် ရှိနေပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ကျွန်တော်တို့ရွာရှိ တောင်သူလယ်သမားများကို မြန်မာ့စိုက်ပျိုးရေးဘဏ်မှချေးငွေရရှိပါသည်။၃လမှ ၆လအတွင်းကာလကို ဆပ်ရမည်ဆိုသော်လည်း တောင်သူများ၏ အခက်အခဲကြောင့် နောက်ကျမှဆပ်နိုင်ကြပါသည်။ မြန်မာ့စီးပွားရေးဘဏ်အတိုးနှုန်းမှာ(၂%)သာဖြစ်ပါသည်။ လယ်ဂရန်များကို အပေါင်ခံ ပစ္စည်း အဖြစ်ယူဆောင်သွားရသည်။ စပါးများကို ဈေးနှုန်းအခက်အခဲကြောင့် နောက်ကျမှ ရောင်းရခြင်း၊ သီးနှံဈေးနှုန်းမှန်ကန်စွာ မရခြင်း တောင်သူများ ခံစားနေရပါသည်။ ကျွန်တော် တို့ ဒေသရှိ တောင်သူများသည် တစ်အုပ်စုကို(၄)ရွာရှိပြီး စိုက်ဘဏ်ချေးငွေများကို (၄)ရွာလုံး ကြေပြီးမှ ချေးငွေများကို ထုတ်ပေးလေ့ရှိပါသည်။ အလုပ်အကိုင်ရှားပါးချိန်များတွင် အပေါင်ခံပစ္စည်းများဖြင့် ငွေချေးလေ့ရှိပါသည်။ အတိုးနှုန်း (၅%)ရှိပါသည်။ ဝမ်းစာရေးအတွက် ချေးငွေများကို ကာလတို/ကာလရှည်ယူလေ့ ရှိပါသည်။ ကျွန်တော်တို့ရွာ၏ အဓိကပြဿနာမှာ အတိုးနှုန်းများသောကြောင့် နေ့စား၊ကျပန်းလုပ်ကိုင်ရသူများ အလွန်ပင် အခက်အခဲ ဖြစ်နေရပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများမှာမြေဆီလွှာညံ့ခြင်း၊ အပင်မျိုးစေ့လက်လှမ်းမမှီခြင်း၊ရေအရင်းအမြစ်ရှားပါးခြင်း၊သားငါးတိရစ္ဆာန်မျိုးကွဲနှင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနည်းပညာမရှိခြင်းတို့ဖြစ်ပါသည်။ ကျွန်တော်တို့ရွာသည် လွန်ခဲ့သောနှစ်ကာလအတွင်း သဘာဝသစ်တော၊ စိမ့်စမ်းရေထွက်ရှိသောနေရာများနှင့် တိရိစ္ဆာန်များ ပေါများသော ဒေသဖြစ်ပါသည်။ လက်ရှိအချိန်တွင် တရားမဝင်သစ်ခိုးထုတ်မှုနှင့် စည်းကမ်းမဲ့၊ သစ်ခုတ်ခြင်းများကြောင့် သဘာဝမှရသော မြေဆီ၊ မြေဩဇာများနည်းပါးလာခြင်း၊ ချောင်း၊ မြောင်းများနှင့် စိမ့်စမ်းရေများ၌ ရေနည်းပါးလာခြင်း၊ စိုက်ပျိုးမြေယာများ အစိုဓာတ်ထိမ်း သိမ်းမှု မရှိခြင်းတို့ဖြစ်ပါသည်။

(ဇ)ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျွန်တော်တို့ကျေးရွာသည် ပညာရေးအခြေအနေမှာ မူလတန်းအဆင့်တွင်များ ပြီးအလယ်တန်းနှင့် အထက်တန်း အဆင့်မှာ

သင့်ရုံမျှသာရှိ၍တက္ကသိုလ်ကောလိပ်အဆင့်မှာအလွန်နည်းပါးသည်ကိုတွေ့ရှိနိုင်ပါသည်။
ကျောင်းတက် နှုန်းကိုလေ့လာပါက ကျွန်တော်တို့ကျေးရွာပညာရေးစစ်တမ်းအရ မူလတန်းနှင့် အလယ်တန်းအဆင့်တွင်သာ အတော်အသင့်ရှိပြီး အထက်တန်းနှင့်တက္ကသိုလ်ကောလိပ်အဆင့် တွင်အလွန်နည်းပါးနေပါသည်။ဂင်းဖြစ်စဉ်၏အကြောင်းအရင်းမှာ ကျေးရွာတွင်အလုပ် အကိုင် ရှားပါး၍ ဆင်းရဲမှုမြင့်မားပြီး အသိပညာနည်းပါးကာ ပညာရေးဘက်တွင် အဆုံးတိုင်သင်ယူ နိုင်မှုမရှိခြင်းတို့ကြောင့်ဖြစ်သည်ဟုလေ့လာတွေ့ရှိရပါသည်။
စာသင်ကျောင်းအဆင့်မှာမူလတန်းအဆင့်တွင်ရှိပြီး ရွာမှ ၀ မှ ၁ မိုင်အတွင်းတွင်ရှိနေပါသည်။ ဆရာ/မဦးရေမှာ ၅ ဦးရှိနေပါသည်။ကျောင်းမှာလွန်ခဲ့သောနှစ်ပေါင်း (၂၀) ကျော်မှ ကိုယ်အား ကိုယ်ကိုးစနစ်ဖြင့် ကျေးရွာမှ တတ်နိုင်သလောက်ငွေကြေးပမာဏဖြင့် ဆောက်လုပ်ခဲ့သည့် အတွက် ပျက်စီးမှုရှိနေပါသည်။ စာသင်ကျောင်းမှာအလွန်ကျဉ်းမြောင်းပြီး စာသင်ကြားရာနေရာ မလုံ လောက်သဖြင့် အခြားပြင်ပနေရာများတွင် သင်ကြားရသဖြင့် အခက်အခဲများတွေ့ နေရ ပါသည်။ကျောင်းသုံးပရိဘောဂနှင့်ကျောင်းသုံးစာအုပ်များလည်းလုံလောက်မှုမရှိပါ။ကျောင်းဆရာ/မ နှင့်တပည့်တို့၏အချိုးမှာ လုံလောက်မှုရှိပြီး ကျောင်းသုံးစာအုပ်နှင့် စားရေးကိရိယာများမှာ လုံး၀လုံလောက်မှုမရှိပါ။ အလုပ်အကိုင်ရှားပါး၍ ဆင်းရဲသောမိသားစုဦးရေများပြားမှုများကြောင့် ကျောင်းစရိတ်မတတ်နိုင်မှု များပြားပြီး ၎င်း၏အကျိုးဆက်အရ မူလတန်းကျောင်းထွက်နှုန်းမှာ အလယ်အလတ်အဆင့်တွင်ရှိနေပါသည်။ ထို့ပြင် မိဘများ၏ အသိအမြင်အားနည်းမှုကြောင့် လည်းကောင်း စီးပွားရေးအဆင်မပြေသော်လည်းကောင်း ကျောင်းသားမိဘများနှင့် ကျောင်းဆရာ /များ၏ ပူးပေါင်းဆောင်ရွက်မှုမှာလည်းအလွန်ညံ့ပါသည်။
လက်ရှိအခြေအနေတွင် ကျွန်တော်တို့ရွာမှ ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့သော မူလတန်း စာသင်ကျောင်းမှာ နှစ်(၂၀)ကျော်ပြီဖြစ်တဲ့အတွက် ယခုချိန်တွင် အိုမင်းဟောင်းနွမ်းနေပြီ ဖြစ်ပါသည်။ ကျောင်းအခင်းအကာများ၊ တံခါး၊ လှေကား ပြတင်းပေါက်များမှာ ပျက်စီးဆွေးမြေ့ နေပါသည်။ ထို့ကြောင့် ကျောင်းသား/သူများ၏ လုံခြုံရေးအတွက် စိုးရိမ်နေရပါသည်။ ပညာရေးဌာနမှ စာသင်ကျောင်းများကို ဆောက်လုပ် ပေးနေသော်လည်း ကျွန်တော်တို့ရွာတွင် မရရှိသေးပါ။ ကျွန်တော်တို့ရွာရှိ ကျောင်းသား/သူများမှာ ကျောင်းဟောင်းကြီးဖြင့် ခက်ခဲစွာ ပညာသင်ကြားနေကြရပါသည်။

ကျွန်တော်တို့ရွာသည် မော်နိုင်းအုပ်စု၊မော်နိုင်းကျေးရွာတွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲသို့ တစ်မိုင်ခန့်၊ တိုက်နယ်ဆေးရုံသို့(၁မိုင်မှ ၃ မိုင်ခန့်) သွားရောက်ကြရပါသည်။ မြို့နယ်ဆေးရုံသို့(၁၀) မိုင်အထက် သွားရောက်ကြရပါသည်။ ကျေးရွာသူ/သားများမှာ ကျန်းမာရေးဌာနခွဲများ၊ ကျေးရွာသူ/သားများမှာ ကျန်းမာရေးဌာနခွဲများ၊ ဆေးရုံများနှင့်ဝေးကွာနေခြင်းကြောင့် အသိပညာ ဗဟုသုတနည်းပါးခြင်းတို့ကြောင့် နီးစပ်ရာဆေးဆိုင်မှစပ်ဆေးများကို အဓိကထားသောက်သုံး ခြင်းနှင့် ရမ်းကုများကိုအားထားနေကြရပါသည်။ကျေးရွာအနေအထားအရ ငှက်ဖျားရောဂါ ၊ အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ၊ ဆီးချို သွေးချိုရောဂါများအဖြစ်များပြီး အခြားရောဂါများမှာ အနည်းငယ်ရှိပါသည်။ အနာဂတ်ကျေးလက်ကျန်းမာရေးအလွန်ကောင်းမွန်ရန်မှာ တစ်ရာလျှင်

တစ်ခုနှုန်း ဆေးပေးခန်း ဆောက်လုပ်ပေး၍ ကျန်းမာရေးဆရာ/မများနှင့် ဆေးဝါးလုံလောက်စွာ ထောက်ပံ့ပေးနိုင်ပါက ပို၍ ကောင်းမွန်သော ကျန်းမားရေးအခန်းကဏ္ဍဖြစ်လာနိုင်ပါသည်။

အသည်းရောင်အသား၀ါ၊ ပိုလီယို၊ မေးခိုင် (ကိုယ်၀န်ဆောင်စဉ်ကာလအတွင်း) ဝက်သက်ရောဂါ၊ အခြားကာကွယ်ဆေးထိုးနှံမှုများနှင့် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံပေးခဲ့ပါသည်။ ၎င်းအပြင် အာဟာရပညာပေးအစီအစဉ်များလည်း အအသည်းရောင်အသား၀ါ၊ ပိုလီယို၊ မေးခိုင် (ကိုယ်၀န်ဆောင်စဉ်ကာလအတွင်း) ဝက်သက်ရောဂါ၊ အခြားကာကွယ်ဆေးထိုးနှံမှုများနှင့် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံပေးခဲ့ပါသည်။ ၎င်းအပြင် အာဟာရ ပညာပေး အစီအစဉ်များလည်း အခါအားလျော်စွာ ပြုလုပ်ပေးခဲ့ပြီး ကျေးရွာတွင်မည်သည့် ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများလက်လမ်းမမှီခဲ့ပါ။ရေတွင်းများကိုအဓိကထား၍သုံးစွဲနေရပြီး မိုးနှင့်ဆောင်းကာလများ၌ စိမ့်စမ်းရေအနည်းငယ် ရရှိခြင်းတို့ဖြင့် သောက်သုံးရေအနေအထားကို ဖြေရှင်းနေရပါသည်။ ထို့ကြောင့် သောက်သုံးရေ ဖူလုံမှုမရှိသည့်အလျောက် ကဆုန် နယုန်လများမှာ ရေအရှားဆုံးဖြစ်နေပါသည်။ ကျေးရွာ၏ တစ်နှစ်ပတ်လုံးရေရှိစေရန် ရေတွင်း ရေကန် များ တူးဖော်ပေးခြင်းဖြင့် ကျေးရွာ၏ သောက်သုံးရေ ပြတ်လပ်မှု ပြဿနာကိုဖြေရှင်းနိုင်ပါသည်။ လက်ရှိအနေအထားမှာ တစ်နှစ်ပတ်လုံးသောက်သုံးရေ မလုံလောက်မှုနှင့် ကြုံတွေ့နေရပါသည်။ ကျေးရွာတစ်ရွာလုံးသည် ကျန်းမာရေးညီညွတ်မှုအား အထောက်အကူပြုရန်အတွက် ရေလောင်း/ယင်လုံ အိမ်သာများ အဓိကထားသုံးစွဲနေကြပါသည်။တောဓလေ့ကျေးရွာ ဖြစ်သည့် အလျောက် လက်ရှိ အခြေအနေတွင် အမျိုးသမီးများမှာ အသိပညာ နည်းပါးပြီး နေ့စဉ်မိသားစု စားဝတ်နေရေး၊ မီးဖိုချောင်ကိစ္စများကြောင့် စီမံအုပ်ချုပ်မှုနှင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှုကဏ္ဍမှာ အလွန် နည်းပါး နေပါသည်။

(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး) ။ ။ကျေးရွာလမ်းတည်ဆောက်မှုအခြေအနေကို လေ့လာပါက ရွာတွင်း အရှည် (၈၀၀၀ ပေ) နှင့် ရွာချင်းဆက်လမ်းအရှည် (၂၀၀၀ ပေ ကျော်) ရှိနေပါသည်။ ၎င်းလမ်းမှာ ရပ်ရွာလူထုအားဖြင့် လွန်ခဲ့သော (၅)နှစ် ကျော်မှဆောက်လုပ်ခဲ့ပါသည်။ မြေသားလမ်းများဖြစ်၍ မိုးရာသီ၌ ရွာထဲလမ်းများနှင့် အဓိက လမ်းမကြီးသည် လူများ၊ ဆိုင်ကယ်များသွားလာရာတွင် အလွန်ခက်ခဲလျက်ရှိပါသည်။ ရွာ၏ ချဉ်းကပ်လမ်းများနှင့် အဓိကလမ်းမကြီးများရှိ ရေကျော်များသည် မိုးများလျှင် ရေအလွန် များသောကြောင့် အရေးပေါ်သွားလာသူများ အလွန်အမင်း ဒုက္ခရောက်လျက် ရှိပါသည်။ ပွင့်လင်းရာသီရောက်လျှင်လည်း မိုးများထားသောကြောင့် ရေတိုက်စားခြင်း ၊ချိုင့်ခွက်များ ရှိကာ တစ်ရွာမှတစ်ရွာကို သွားလာရာတွင် ကြန့်ကြာမှုရှိပါသည့်အတွက် ရပ်ရွာ၏ ကုန်စည်ကူးသန်း ရောင်းဝယ်မှုမှာလည်း အကန့်အသတ်ဖြင့် အကျိုးဆက်ကိုခံစားနေရပါသည်။

ကျွန်တော်တို့ရွာလမ်းမကြီးအထွက်တွင် သစ်သားတံတား(၃)စင်း ရှိပါသည်။ ၎င်းတို့သည် လွန်ခဲ့သော (၅)နှစ် ကျော်မှ ဆောက်လုပ်ထားသည့်အလျောက် ရာသီမရွေး ကုန်စည်များကူးသန်း

ရောင်းဝယ်မှုမပြု လုပ်နိုင်သဖြင့် ပွင့်လင်းရာသီကိုသာ အဓိကထားအသုံးပြု နေရပါသည်။ အလုပ်အကိုင်ရှားပါးပြီး ဆင်းရဲသည့်ကျေးရွာဖြစ်သည့်အလျောက် ခရီးသွားလားရာတွင် စက်ဘီးနှင့်မော်တော်ဆိုင်ကယ်ကို အဓိကထားအသုံးပြုသွားလာနေရပါသည်။ လယ်ယာလုင်းခွင်တွင်လည်း နွားလှည်းကို အဓိက ထားအသုံးပြု၍ ခရီးရှည်နှင့်ကုန်စည်ပို့ဆောင်ရာတွင် ကားများကိုအဓိကငှါး၍ အသုံးပြု နေရပါသည်။ လျှပ်စစ်မီးရရှိနိုင်မှုအခြေအနေမှာ တစ်ရွာလုံးအနေဖြင့် သင့်တင့်ရုံမျှသာ ဖြစ်ပြီး ဆိုလာစနစ်ကိုအဓိကထားအသုံးပြုကြပါသည်။ငွေကြေးမတတ်နိုင်သဖြင့် လျှပ်စစ်မီး အသုံးမပြုနိုင်သော အိမ်ထောင်စုများပင် ရှိနေပါသည်။တောကျေးရွာဖြစ်ပြီး အသိပညာ နည်းပါးသဖြင့် နည်းပညာပိုင်းတွင်လေ့လာသိရှိမှုအားနည်းသောကြောင့် ပြုပြင်ထိန်းသိမ်းမှုစနစ်မှာ ညံ့ ပါသည်။ ဖုန်း၊ ရေဒီယို၊ တီဗွီ ၊ ဂြိုလ်တုစလောင်း စသည်တို့မှ သတင်းအချက်အလက်များကို အဓိကထားလေ့လာနေရသော်လည်း သုံးစွဲမှုနည်းပညာမှာ လက်လှမ်းမီမှု မရှိသေးပါ။ အခြားပြင်ပ သတင်းရယူမှုနည်းပညာပိုင်းတွင်လည်း အလွန်နည်းပါသည်။ ကျွန်တော်တို့ရွာတွင် ဆက်သွယ်ရေးတွင် ဖုန်း(၁၀၄)လုံးရှိပြီး Mpt ဖုန်းလိုင်း တစ်မျိုးတည်းသာမိပြီး၊ ရေဒီယို(၄)လုံး၊ တီဗွီ(၅၂)လုံးနှင့် PSI စလောင်း(၅၅) ပိုင်ဆိုင်ကြပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ကျွန်တော်တို့ရွာတွင် လူငယ်အားကစားကွင်းများ၊ ကာယလေ့ကျင့်ခန်းများ ဆောင်ရွက်ရန် နေရာအထောက်အကူပစ္စည်းများမရှိခြင်း၊ လူငယ်များ အနားယူအပန်းဖြေစရာ ပန်းခြံ၊ စာကြည့်တိုက်များ၊ လူငယ်ရိပ်သာများမရှိခြင်းတို့ကြောင့် လူငယ် များလေ့လာမှုတစ်ရပ်အားနည်းနေပါသည်။ ထိုအရာများအားလုံးမရှိခြင်းကြောင့် အသိပညာ၊ ဗဟုသုတ၊ စဉ်စားချင့်ချိန်နိုင်စွမ်းလျော့နည်းလာပြီး မူးယစ်ဆေးဝါးများကို သုံးစွဲလာကြပြီး ရွာသည် မဖွံ့ဖြိုးတော့ပဲ ဆင်းရဲလာကြပါသည်။ လူငယ်များသည် သမရိုးကျ လယ်ယာများကို မိဘနှင့်အတူ စိုက်ပျိုးကြပြီး စားဝတ်နေရေးအတွက်ပြင်ပသို့ သွားရောက်စီးပွားရှာကြပါသည်။ ရွာတွင် လက်မှုပညာတတ်မြောက်သူနှင့် အသက်မွေးဝမ်းကျောင်း ပြုသူရှားပါးမှုကြောင့် လူငယ်များ ပျက်စီးဆုံးရှုံးနေရပါသည်။ ယခုလက်ရှိအခြေအနေတွင် လူငယ်များ အပန်းဖြေအနားယူရန်နေရာမှာ ရာသီအလိုက်ပွဲတော်များသာရှိပြီး အားကစားကွင်းနှင့်အားကစားပစ္စည်းများမှာ လက်လှမ်းမမီပါ။ လူမှုရေး၊ ဘာသားရေးလုပ်ငန်းများတွင် ပါဝင်မှု အသင့်တင့်မျှသာရှိနေခြင်း၊ သတင်းအချက်အလက်နည်းပညာ ပိုင်းတွင် လက်လှမ်းမမီသသည့်နှင့်အမျှ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမှု စနစ်မှာလည်း အနည်းငယ်သာရှိပါသည်။ ဗဟုသုတ ပညာရေးဘက်တွင် လေ့လာလိုက်စားမှုအားနည်းသည့် အလျောက် အများစုမှာအလုပ်အကိုင် အခွင့်အလမ်းများ ရှားပါး၍ တိုးတက်အောင်လုပ်ဆောင်ရန် လက်လှမ်းမမီသည့် ပြဿနာကို ရင်ဆိုင်နေရပါသည်။ထို့ကြောင့် ရွာ၏လူငယ်များကို ပြည်ပအဖွဲ့စည်းများနှင့် အစိုးရအဖွဲ့အစည်းများမှ အသိပညာ၊ အတတ်ပညာသင်တန်းပို့ချမှုနှင့် အခြားဂန်ဆောင်မှုများရရှိလျှင် အလွန်ပင်အဖိုးတန်သော လူငယ် များ အမြောက်အများ ထွက်ရှိလာမည် ဖြစ်သည်။

(၄) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျွန်တော်တို့ရွာ၏ လုံခြုံရေး အခြေအနေမှာ အသင့်အတင့်သာရှိသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများ မရှိပါ။အသိအမြင်နည်းပါးပြီး ဗဟုသုတ လေ့လာလိုက်စားရန် အားနည်းသည့်အလျောက် သတင်းစာ၊ ဂျာနယ်များမှာ လုံးဝလက်လှမ်း မမီသည့်အပြင် လေ့လာလိုစိတ်မရှိသည်မှာ အားနည်းချက်ပင် ဖြစ်ပါသည်။ ဘေးကင်းလုံခြုံရေး အထောက်အကူပြုဝန်ဆောင်မှုများအနေဖြင့် တယ်လီဖုန်းလိုင်း၊ အင်တာနက် လိုင်း၊ ရုပ်မြင်သံကြားလိုင်း နှင့် ရေဒီယိုလိုင်းများကို အဓိကထားအားကိုး သုံးစွဲနေ ကြရပါသည်။ သို့သော်လည်း ၄င်းဆက်သွယ်ရေးကိရိယာသုံးစွဲမှုမှာ ပြည့်စုံလုံလောက်စွာ နည်းပညာ လက်လှမ်း မမီပါ။ မှုခင်းဖြစ်ပွားမှုကိုလေ့လာပါက လူကုန်ကူးမှု၊ အကြမ်းဖက်မှုတို့တွင်မရှိသော်လည်း အသိ အမြင်ဗဟုသုတနည်းပါးသည့်အလျောက် ခိုးမှု ၊ မူးယစ်သုံးစွဲမှုတို့တွင် စိုးရိမ်အဆင့်ရှိသည်ကို တွေ့ရှိ ရပါသည်။မူးယစ်ဆေးဝါးသုံးစွဲသူများသည် ဆိုင်ကယ်၊ ကျွဲ၊နွား၊များကို ခိုးယူရောင်းချ၍ သုံ:စွဲလျက်ရှိပါသည်။ ကျွန်တော်တို့ရွာတွင် အဖြစ်များဆုံးအမှုမှာ ခိုးမှု၊ မူးယစ်ဆေးဝါး ရောင်းဝယ် ဖောက်ကားမှု၊ ခိုက်ရန်ဖြစ်ပွားမှုတို့ ဖြစ်သည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက် ကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိပြီး မြေဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ ရေအရင်းအမြစ်ရရှိနိုင်သော တောင်ကျချောင်းများ ရှိပါသည်။ စားကျက်မြေအသင့်အတင့်ရှိသည့်အတွက် မွေးမြူရေးတွင်လည်း နွား၊ ကြက်၊ ဝက်များကို လက်ရှိအခြေအနေထက် တိုးချဲ့မွေးမြူနိုင်ပါသည်။ ရွှေတူးဖော်ရရှိနိုင်ပြီး ကျောက်၊ သဲများ ပေါများစွာ ရရှိနိုင်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် တောင်ကျချောင်းရေများရှိသော်လည်း ရေကိုသိုလှောင်မထားနိုင်ခြင်းကြောင့် မိုးရေကို သာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရ သော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူ ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေမရှိပါ။ မျိုးကောင်းမျိုးသန့်များ လွယ်ကူစွာဝယ်ယူ၍မရနိုင်ပါ။ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းကြောင့် စိုက်ပျိုးရာသီ ပြီးချိန်တွင် အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြရပါသည်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ စျေးကွက် နှင့်

လျှပ်စစ်မီးများလက်လှမ်းမမီကြပါ။ လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ထွက်ကုန်များ အချိန်မှီ ဈေးကွက်သို့ မတင်ပို့နိုင်ကြခြင်းသည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းရသူများ ပေါများလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျှော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာမီးလင်းရေးစသည့် လူမှုအခြေခံအဆောက်အဦးများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁)ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနှင့် ချိတ်ဆက်၍ စိုက် ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ် ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩ

အသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်စျေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားရမည်။

